# မြန်မာ / ဘင်္ဂလားဒေ့ရှ် - ရိုဟင်ဂျာများ၏ စိတ်ကျန်းမာရေး အခြေအနေအတွက် ကျန်းမာရေးစောင့်ရှောက်မှုများလိုအပ်

*လူမျိုးတုန်းသတ်ဖြတ်မှုမှ လွတ်မြောက်လာသူရိုဟင်ဂျာများအကြား စိတ်ထိခိုက်ဖိစီးမှုနှုန်း အလွန်မြင့်မား နေသည် ဟု အစီရင်ခံစာအသစ်မှဖော်ပြ*

(၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလ ၁၀ရက်၊ ဘန်ကောက်) - ယနေ့တွင် Fortify Rightsမှ ထုတ်ပြန်သော အစီရင်ခံစာ အသစ်၏ အချက်အလက်များအရ၊ မြန်မာနိုင်ငံတွင် လူမျိုးတုန်းသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များတွင် ပြင်းထန်သောစိတ်ကျန်းမာရေး အခြေအနေတခုကိုကြုံတွေ့ ခံစားနေရသည်ဟုဆိုသည်။ ထိုအစီရင်ခံစာတွင် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခြင်းအပေါ် ရိုဟင်ဂျာများ၏ ထင်မြင်ချက်များအပြင်၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပါတ်သက်သော ရိုဟင်ဂျာများ၏ အတွေ့အကြုံများအပေါ် အရေအတွက်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံရှိ စိတ်ထိခိုက်ဖွယ်ရာဖြစ်စဉ်များ၊ စိတ်ထိခိုက်ဖွယ်ဖြစ်စဉ်အလွန်ဖိစီးမှု၊ စိတ်ကျရောဂါ၊ စိတ်စိုးရိမ် ကြောင့်ကြခြင်းတို့အပါအဝင် စိတ်ပိုင်းဆိုင်ရာဘေးအန္တရာယ်၏လက္ခဏာများတို့ ပါဝင်သည်။

"*ရိုဟင်ဂျာများရဲ့ စိတ်ကျန်းမာရေး အခြေအနေဆိုးရွားနေမှုသည် အသက်အန္တရာယ်စိုးရိမ်ရပြီး၊ လျစ်လျူရှု ထားခံခဲ့ရပါတယ်*"ဟု Fortify Rights ၏ အမှုဆောင်အရာရှိချုပ် Matthew Smith က ဆိုသည်။ "*ပြဿနာ၏ အတိုင်းအတာဟာ မကျော်လွှားနိုင်တာတော့ မဟုတ်ပါဘူး။ အစိုးရများအနေနဲ့ ရိုဟင်ဂျာလူထုရဲ့ စိတ်ကျန်းမာရေးအခြေအနေကို ဦးစားပေးပြီး၊ မြန်မာနိုင်ငံတွင် လူမျိုးတုန်းသတ်ဖြတ်မှုမှ လွတ်မြောက် လာသူများကို သူတို့ရဲ့ဘဝတွေကို ဂုဏ်သိက္ခာနှင့်အညီ ပြန်လည်တည်ဆောက်စေနိုင်အောင် လုပ်ဆောင် ပေးသင့်ပါတယ်။*"

ကုလသမဂ္ဂ အေဂျင်စီများမှ အရေးပေါ်အခြေအနေတခုအပြီး ၁၂လ အကြာတွင်၊ ခန့်မှန်းခြေအားဖြင့် အရွယ်ရောက်သူ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိသည် စိတ်ရောဂါအသင့်အတင့် သို့မဟုတ် အနည်းအကျဉ်း တမျိုးမျိုးကို တွေ့ကြုံခံစားရမည်ဟု ခန့်မှန်းထားသည်။ သို့သော် ယနေ့ထုတ်ပြန်သော အချက်အလက်များက ရိုဟင်ဂျာဒုက္ခသည်များ၏ ၈၈.၇ ရာခိုင်နှုန်းသည် စိတ်ကျရောဂါလက္ခဏာများ တွေ့ကြုံခံစားနေရသည်၊ ၈၄ ရာခိုင်နှုန်းသည် စိတ်သောကရောက်မှု၏လက္ခဏာများ တွေ့ကြုံခံစားခဲ့ရပြီး၊ ၆၁.၂ ရာခိုင်နှုန်းမှာ စိတ်ထိခိုက် ဖွယ်ဖြစ်စဉ်အလွန် စိတ်ဖိစီးမှုရောဂါ၏ လက္ခဏာများ တွေ့ကြုံခံစားခဲ့ရသည်ဟု ဖော်ပြထားသည်။ ထို့အပြင်၊

အချက်အလက်များမှ ထိုလက္ခဏာများသည် လူမျိုးတုန်းသတ်ဖြတ်မှုမှ လွတ်မြောက်ခဲ့သူ ရိုဟင်ဂျာများ၏ နေ့စဉ်ဘဝများနှင့် လုပ်ဆောင်မှုတို့အပေါ် မည်သို့ဆိုးရွားစွာသက်ရောက်ကြောင်းကို ဖော်ပြထားသည်။

စာမျက်နှာ ၉၉ မျက်နှာ ပါဝင်သည့်အစီရင်ခံစာဖြစ်သော "The Torture in My Mind": The Right to Mental Health for Rohingya Survivors of Genocide in Myanmar and Bangladesh သည် Fortify Rights မှ သင်တန်းပေး ပံ့ပိုးပေးထားသည့် ရိုဟင်ဂျာလူမျိုးသုတေသနပြုသူ ၁၀ဦး အဖွဲ့မှ ၂၀၂၀ ခုနှစ် မတ်လမှ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ အထိ ဆောင်ရွက်ခဲ့သော Participatory Action Research အပေါ်အခြေခံထားသည်။ အစီရင်ခံစာမှ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများမှ လွတ်မြောက်လာသူများအပေါ် ပြင်းထန်သော စိတ်ကျန်းမာရေး ထိခိုက်မှုများရှိကြောင်း သက်သေခံအထောက်အထား အသစ်များကို ဖေါ်ပြထားသည်။

အစီရင်ခံစာတွင်အသုံးပြုခဲ့သည့် အရေအတွက်ဆိုင်ရာ သုတေသနနည်းလမ်းများသည် ရလာဒ်များမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည် လူဦးရေအားလုံးအား ကိုယ်စားပြုစေရန် သေချာစေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များ အများဆုံးတွေ့ကြုံခံစားရသည့် လက္ခဏာများမှာ စိတ်ထိခိုက်ဖွယ်ရာဖြစ်စဉ်များအား ပြန်လည်ခံစားရခြင်းနှင့် ဆက်စပ်နေသည်။ ဥပမာ၊ ရိုဟင်ဂျာ ၉၇.၆ ရာခိုင်နှုန်း သည် "နာကျင်ဖွယ်အကောင်းဆုံး သို့မဟုတ် ကြောက်စရာအကောင်းဆုံးဖြစ်စဉ်ကို ထပ်တလဲလဲ တွေးတောခြင်း သို့မဟုတ် သတိရခြင်း"တို့ကို အချို့သောအတိုင်းအတာအထိ တွေ့ကြုံခံစားခဲ့ရပြီး၊ "ထိုဖြစ်စဉ်သည် တဖန်ပြန်လည်ဖြစ်ပေါ်နေသည်ဟု ခံစားရခြင်း" (၉၆.၆ ရာခိုင်နှုန်း)နှင့် "အိမ်မက်ဆိုးများ ထပ်တလဲလဲမက်ခြင်း" (၈၂.၂ ရာခိုင်နှုန်း)အထိရှိသည်။ ရိုဟင်ဂျာအများစုတွေ့ကြုံခံစားရသည့် စိတ်ထိခိုက်ဖွယ် လက္ခဏာများသည် အပြည့်သဘောဆောင်သော ဘဝတခုတည်ဆောက်ခြင်းကို နှောက်ယှက်နိုင်သော ပြင်းထန်သည့်စိတ်ကျန်မာရေး အခြေအနေတခုဖြစ်သည့် စိတ်ထိခိုက်ဖွယ် ဖြစ်စဉ်အလွန် စိတ်ဖိစီးမှုရောဂါ၏ လက္ခဏာကို ညွှန်ပြနေသည်။

"ကျွန်မအိပ်ဖို့ ကြိုးစားနေချိန်မှာ စစ်တပ်နဲ့ ဗုဒ္ဓဘာသာဝင်တွေက ကျွန်မအပေါ်လုပ်ခဲ့တာတွေကို ပြန်သတိရတယ်"ဟု အသက် ၄၀အရွယ်ရှိ ရိုဟင်ဂျာအမျိုးသမီးမှ သုတေသနအဖွဲ့ကို ပြောပြခဲ့သည်။ "သူတို့ လာနေပြီ၊ လိုက်နေပြီ၊ ကျွန်မကို ပစ်သတ်နေပြီဟု ခံစားရတယ်။ လူတွေကို သူတို့ဘယ်လို ခုတ်ထစ်သတ်ဖြတ်ခဲ့တယ်ဆိုတာ စဉ်းစားမိတယ်။ ကျွန်မ အိပ်ရာထဲရှိနေချိန်မှာ ညှဉ်းပန်းနှိပ်စက်မှုအကြောင်းတွေက ကျွန်မ စိတ်ထဲမှာပေါ်လာတယ်။"

စစ်တမ်းတွင်ပါဝင်သော ရိုဟင်ဂျာများအားလုံးသည် မြန်မာနိုင်ငံတွင် စိတ်ထိခိုက်ဖွယ်အတွေ့အကြုံများအား ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသည် သို့မဟုတ် တွေ့မြင်ခဲ့ရသည်ဟု ဆိုသည်။ -- ၉၈.၆ ရာခိုင်နှုန်းသော ရိုဟင်ဂျာဒုက္ခသည်များသည် မြန်မာနိုင်ငံတွင် မကြာခဏ သေနတ်ဖြင့်ပစ်ခတ်မှုတို့ကို တွေ့ကြုံခံစားခဲ့ရသည်၊ ၉၇.၈ ရာခိုင်နှုန်းသည် ရွာများမီးရှို့ဖျက်ဆီးခြင်းကို တွေ့မြင်ခဲ့ပြီး၊ ၉၁.၈ ရာခိုင်နှုန်းသည် လူသေအလောင်းများကို တွေ့မြင်ခဲ့ပြီး၊ ၉၀.၄ ရာခိုင်နှုန်းသည် အခြားသူများအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား မြင်တွေ့ခဲ့ရသည်။ ၈၆.၂ ရာခိုင်နှုန်းသည် လုံခြုံရေးတပ်ဖွဲ့များမှ မိသားစုအဖွဲ့ဝင် သို့မဟုတ် မိတ်ဆွေအား သတ်ဖြတ်ခြင်းကို တွေ့ကြုံခဲ့ရပြီး၊ ၇၀.၆ ရာခိုင်နှုန်းသည် "ထွက်ပြေး နေစဉ် သို့မဟုတ် ပုန်းရှောင်နေစဉ်အတွင်း မိသားစု သို့မဟုတ် မိတ်ဆွေများ သေဆုံးခြင်း"ကို တွေ့ကြုံခံစားခဲ့ရပြီး၊ ၂၉.၅ ရာခိုင်နှုန်းသည် မိမိ၏ "အရင်းအနှီးဆုံး မိသားစုဝင် တယောက်" သတ်ဖြတ်ခံရခြင်းကို တွေ့ကြုံခံစား ခဲ့ရသည်။

"(မြန်မာစစ်တပ်)က ကျွန်တော့်ရဲ့ဆွေမျိုးနှစ်ယောက်ကို ခုတ်ထစ်ခဲ့တယ်"ဟု ရခိုင်ပြည်နယ်၊ မောင်တော မြို့နယ်မှ ရိုဟင်ဂျာအမျိုးသားတဦးမှ သုတေသနအဖွဲ့အား ပြောပြခဲ့သည်။ "အခြားဆွေမျိုး ၅ ယောက် ပျောက်နေပြီး ခုထိသူတို့အကြောင်းမသိရသေးဘူး။"

အရင်းနှီးဆုံးမိသားစုဝင်တဦး သတ်ဖြတ်ခံရခြင်းနှင့်စပ်လျှဉ်း၍၊ ၉၉.၃ ရာခိုင်နှုန်းမှ မြန်မာနိုင်ငံရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များမှ ကျူးလွန်ခဲ့သည်ဟုဆိုသည်။

ညဉ်းပန်းနှိပ်ဆက်ခံရသည်ဟု (၅၅.၅ ရာခိုင်နှုန်း)၊ မိသားစုဝင် မဟုတ်သူမှရိုက်နှက်မှု (၄၆.၁ ရာခိုင်နှုန်း)၊ ဓါးထိုးမှု (၂၉.၄ ရာခိုင်နှုန်း) သို့မဟုတ် သေနတ်ဖြင့်ပစ်ခတ်ခြင်းမှ ဒဏ်ရာရရှိမှု (၅.၁ ရာခိုင်နှုန်း) တို့အပါအဝင် ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ဘေးအန္တရာယ်များအား မြန်မာနိုင်ငံတွင် တွေ့ကြုံခံစားခဲ့ရသည်ဟု စစ်တမ်းတွင်ပါဝင်သူ ရိုဟင်ဂျာအများအပြားမှဆိုသည်။

ရိုဟင်ဂျာအမျိုးသမီး ၈ ဦး (၃.၁ ရာခိုင်နှုန်း)မှ အဓမ္မပြုကျင့်ခံရသည်ဟု ဆိုပြီး၊ ထိုအမျိုးသမီးများ၏ (၈၇.၅ ရာခိုင်နှုန်း)မှ ၎င်းတို့အား မြန်မာလုံခြုံရေးတပ်ဖွဲ့များမှ အဓမ္မပြုကျင့်ခဲ့သည်ဟုဆိုသည်။ (၃၄.၃ ရာခိုင်နှုန်း) သော ရိုဟင်ဂျာအမျိုးသားများသည် မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာမတော်တရားပြုကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ အရှက်ရစေမှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုတို့ကို တွေ့ကြုံခံစားခဲ့ရသည်ဟု သုတေသနမှ တွေ့ရှိခဲ့ပြီး အလားတူအခြေအနေမျိုးအား (၃၁.၁ ရာခိုင်နှုန်း)သော အမျိုးသမီးများမှ တွေ့ကြုံခံစားခဲ့ရသည်ဟု ဆိုသည်။ - တိုင်ကြားမှုမရှိခြင်းကြောင့် ကိန်းဂဏန်းများ အပေါ် သက်ရောက်မှု ရှိနိုင်သည်။ ထို့အပြင်၊ (၆၇.၃ ရာခိုင်နှုန်း) သော စစ်တမ်းတွင်ပါဝင်သော ရိုဟင်ဂျာများမှ ၎င်းတို့သည် မြန်မာနိုင်ငံတွင်

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ မတော်တရားပြုမှုများအား ကြုံတွေ့ခဲ့ရသည်ဟု ဆိုသည်။

အစီရင်ခံစာတွေ့ရှိချက်များမှ မြန်မာနိုင်ငံတွင် ပညာရေး၊ လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဘာသာရေးဆိုင်ရာ ကိုးကွယ်ခွင့်အပေါ် ကန့်သတ်မှုများနှင့် အခြားချိုးဖောက်မှုများသည် ပြန့်နှံ့လျှက်ရှိသည်။ ၎င်းတို့မှ စိတ်ထိခိုက်ခံစားရမှု၊ စိတ်ကျရောဂါနှင့် စိုးရိမ်ကြောင့်ကြမှုတို့၏ ရှည်လျားသော လက္ခဏာများဖြစ်ပေါ်စေသည်ကို ဖော်ပြထားသည်။

ရိုဟင်ဂျာအများစုတွင် အလွန်အမင်းစိတ်ပူပန်ခြင်း (၉၂.၅ ရာခိုင်နှုန်း)၊ ဝမ်းနည်းခြင်း (၉၁.၃ ရာခိုင်နှုန်း)၊ ၎င်းတို့ ယခင်က ကြိုက်နှစ်သက်သောအရာများတွင် စိတ်ဝင်စားမှုမရှိတော့ခြင်း (၈၉.၅ ရာခိုင်နှုန်း)နှင့် နေမထိထိုင်မထိဖြစ်ခြင်း သို့မဟုတ် စိတ်လှုပ်ရှားခြင်း (၈၈.၇ ရာခိုင်နှုန်း) တို့ အပါအဝင် စိုးရိမ်ကြောင့်ကြမှုနှင့် စိတ်ကျရောဂါ၏ လက္ခဏာများကို တွေ့ကြုံခံစားခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များစု (၆၈.၇ ရာခိုင်နှုန်း)မှ စိတ်ကျန်းမာရေးဆိုင်ရာ ဖိစီးမှုတို့ကို ဖြစ်ပေါ်စေသော အရှက်ရသည်ဟု ခံစားရခြင်း သို့မဟုတ် လူစဉ်မမှီဟု ခံစားရသည်ဟု ဆိုသည်။

"သူတို့က ကျွန်တော်တို့ကို ဆက်ဆံတာဟာ တိရိစ္ဆာန်တွေထက် ပိုဆိုးတယ်"ဟု အသက် ၄၄နှစ်ရှိ သုတေသနစစ်တမ်းတွင်ပါဝင်သူ ရိုဟင်ဂျာအမျိုးသားမှ မြန်မာအာဏာပိုင်များနှင့်ပါတ်သက်ပြီး ရည်ညွှန်းပြောဆိုသည်။ "သူတို့က ကျွန်တော်တို့ကို တိရိစ္ဆာန်တွေလိုပဲ သဘောထားပြီး၊ ရေတွက်တယ်။ သူတို့ကလူတွေကို အိမ်တွေထဲသွင်း၊ တံခါးကိုပိတ်ပီး၊ မီးရှို့ခဲ့ကြတယ်။ ဘယ်သူက တိရိစ္ဆာန်တကောင်ကို ဒီလိုလုပ်မှာလည်း။"

အစီရင်ခံစာအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ (၉၁.၃ ရာခိုင်နှုန်း)သော ရိုဟင်ဂျာဒုက္ခသည်များသည် အခြေခံတကိုယ်ရေ သန့်ရှင်းရေးကို ထိန်းသိမ်းခြင်း၊ လူမှုရေး သို့မဟုတ် ဘာသာရေး လုပ်ဆောင်မှုများတွင်ပါဝင်ခြင်း သို့မဟုတ် အခြားနေ့စဉ် လုပ်ငန်းများအားဆောင်ရွက်ခြင်း ကဲ့သို့သော သာမာန်နေ့စဉ်လှုပ်ရှားမှုများအား ဆောင်ရွက်ရာတွင် တစုံတခုသော အတိုင်းအတာအထိ ခက်ခဲမှုများကိုတွေ့ကြုံနေကြရသည်။ ထိုခက်ခဲမှုများကို တွေ့ကြုံရသူများတွင် (၆၂.၃ ရာခိုင်နှုန်း)သော ထိုခက်ခဲမှုများမှ စိတ်ကျန်းမာရေးချို့ယွင်းခြင်းကိုဖြစ်ပေါ်စေသည်။

"တခုခုကို လုပ်ဖို့ခက်ခဲနေတယ်လို့ ခံစားရတယ်"ဟု အသက် ၂၇နှစ်ရှိ သုတေသနစစ်တမ်းတွင် ပါဝင်သူမှ ပြောသည်။ "ကျွန်တော် ဒီမှာ (ဘင်္ဂလားဒေ့ရှ် နိုင်ငံ)ရောက်နေတာ ၇လ ကြာရှိပေမယ့် နာကျင်မှုတွေ၊ ညှဉ်းပမ်းနှိပ်စက်မှုတွေကို မေ့လို့မရဘူး။"

Participatory Action Research သည် လူထုမှပံ့ပိုးသည့် လုပ်ဆောင်မှုအသားပေးသော ဖြေရှင်းနည်းလမ်းများကို တိုးတက်စေရန်ရည်ရွယ်သည်။ ဤစီမံကိန်းအား လုပ်ဆောင်ခဲ့သော အဖွဲ့ဝင် ၁၀ဦးပါ ရိုဟင်ဂျာသုတေသနအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်များနှင့် အိမ်ထောင်စုစစ်တမ်း ၄၉၅ ခု၊ pre-research focus-group discussions ၁၃ ခု၊ participant feedback sessions ၃၃ခု နှင့် community workshops ၁၆ ခု တို့ကို ဆောင်ရွက်ခဲ့သည်။ အစီရင်ခံစာတွင် သုတေသနအဖွဲ့အကြောင်းဖော်ပြထားသည့် အခန်း ၁ခု ပါဝင်ပြီး၊ ၎င်းတို့၏လုပ်ဆောင်မှုများနှင့်သုတေသနလုပ်ငန်းစဉ်၏ သက်ရောက်မှုများကိုပိုမိုသိမြင်စေသည်။ "ကျွန်တော်တို့ စီမံကိန်းတခုလုံးကို ကျွန်တော်တို့က ပုံဖော်ခဲ့ပြီး၊ ရည်မှန်းချက်ပန်းတိုင်တွေကိုလည်း ပုံဖော်ခဲ့ပါတယ်"ဟု သုတေသနအဖွဲ့၏ ရိုဟင်ဂျာအဖွဲ့ဝင်တဦးမှပြောသည်။ "ဒီစီမံကိန်းနှင့် ပါတ်သက်ပီး ကျွန်တော့်ကို ပျော်ရွှင်စေတဲ့၊ ယုံကြည်မှုရှိစေတဲ့ အကောင်းဆုံးအရာတွေထဲက တခုကတော့ ကျွန်တော်တို့ရဲ့ လူထုကိုတခြားသူကမဟုတ်ပဲ ကျွန်တော်တို့က ကူညီအကျိုးပြုပေးနိုင်တာပါ။"

ဤအစီရင်ခံစာတွင် ရိုဟင်ဂျာသုတေသနအဖွဲ့မှ ရွေးချယ်ခဲ့သော ဆုရရှိထားသည့် ဘင်္ဂလားဒေ့ရှ်လူမျိုး ဓါတ်ပုံဆရာ Saiful Huq Omi မှ ရိုက်ကူးထားသည့် Participatory Photo Essay တပုဒ်အား ရိုက်ကူးရာတွင်လည်း သုတေသနအဖွဲ့ဝင်များမှ ပံ့ပိုးပေးခဲ့သည်။

"*ရိုဟင်ဂျာတွေဟာ ဒုက္ခသည်တွေတင်မဟုတ်ပါဘူး*"ဟု Matthew Smith မှပြောသည်။ "*ဖိနှိပ်ခံရတဲ့အုပ်စုတွေက သူတို့ဘာသာ တရားမျှတစွာ ကိုယ်စားမပြုနိုင်ဘူးဆိုတဲ့ အယူအဆဟာမှားယွင်းပြီး၊ ပျက်ဆီးရာပျက်ဆီးကြောင်း သဘောဖြစ်နေပါတယ်။ ရိုဟင်ဂျာအဖွဲ့က လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ ဦးစားပေး သတ်မှတ်ချက်တွေနဲ့ တရားမျှတမှုကို ရရှိစေဖို့ ကျိုးပမ်းမှုတွေကို သက်ရောက်မှုရှိစေမယ့် သတင်းအချက်အလက် တွေကို မှတ်တမ်းတင်ရာမှာ ကောင်းမွန်စွာလုပ်ဆောင်နိုင်ခဲ့ကြပါတယ်။*"

ရိုဟင်ဂျာများသည် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်ရှိ အဓိကအားဖြင့် မွတ်ဆလင်ဘာသာ ကိုးကွယ်သော တိုင်းရင်းသားလူနည်းစုဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ခန့်မှန်းခြေ ၆၀၀,၀၀၀ နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်များအဖြစ်နေထိုင်သူ ၁သန်း အပါအဝင်၊ တကမ္ဘာလုံးတွင်ခန့်မှန်းခြေအားဖြင့် ရိုဟင်ဂျာ ၂.၅ သန်း ရှိသည်။ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်တို့တွင် မြန်မာလက်နက်ကိုင်တပ်ဖွဲ့များမှ ဦးဆောင်သည့် တိုက်ခိုက်မှုများ အပြီးတွင် ရိုဟင်ဂျာ ၇၀၀,၀၀၀ ကျော်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးခဲ့ကြသည်။ Fortify Rights၊ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်၊ ရိုဟင်ဂျာများဦးဆောင်သည့် အဖွဲ့အစည်းများနှင့် အခြားအဖွဲ့များမှ ထိုတိုက်ခိုက်မှုများသည် လူမျိုးတုန်းသတ်ဖြတ်မှုများနှင့် လူသားထုအပေါ်ကျူးလွန်သောပြစ်မှုမြောက်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

၂၀၁၇ ခုနှစ်၊ လူမျိုးတုန်းသတ်ဖြတ်မှုများအပြီးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် လုပ်ငန်းလုပ်ဆောင်နေသော လူသားခြင်းစာနာမှု အထောက်အပံ့ပေးရေးဆိုင်ရာ အေဂျင်စီများသည် ၎င်းတို့၏ လုပ်ငန်းများ လုပ်ဆောင်ရာတွင် မလိုအပ်သော အစိုးရပိုင်းဆိုင်ရာ အတားအဆီးများကို ရင်ဆိုင်နေရပြီး၊ စိတ်ကျန်းမာရေး ဆိုင်ရာ ဆောင်ရွက်မှုများတွင် အတိုင်းအတာ အကန့်အသတ်ရှိသည်ဟု Fortify Rights မှ ဆိုသည်။

“ဘယ်သူကမှ ကျွန်တော်တို့ သင့်တော်တဲ့နည်းလမ်းတွေနဲ့ မကူညီကြဘူး”ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အသက် ၂၇နှစ်အရွယ်ရိုဟင်ဂျာဒုက္ခသည်တဦးဖြစ်သည့် Saiful မှပြောသည်။ “အသတ်ခံရတဲ့ ကျွန်တော့် ဆွေမျိုးတွေကို သတိရရင် အိပ်လို့မပျော်ဘူး။ အလုပ်တခုခုလုပ်ဖို့ ကျွန်တော့်အတွက် အရမ်းခက်ခဲတယ် ....... ကျွန်တော်ကောင်းကောင်းမစဉ်းစားနိုင်ဘူး။ စိတ်ဖိစီးမှုကြောင့် ပိန်ရှုံကြီးဖြစ်လာတယ်။ ပင်ပန်းတယ်လို့ ခံစားရတယ်။ ကောင်းကောင်းမစားနိုင်ဘူး။ ဖိနှိပ်မှုတွေအကြောင်းစဉ်းစားမိရင် ဒေါသထွက်တယ်။”

နိုင်ငံခြားအစိုးရအချို့သည် မြန်မာနိုင်ငံရှိအခြေအနေအား လူမျိုးတုန်း သတ်ဖြတ်မှုတခုအဖြစ် သတ်မှတ်ရန် သင့်မသင့်ကို စဉ်းစားနေကြသည်။ ဤအစီရင်ခံစာအတွက် စစ်တမ်းကောက်ယူခံရသည့် ရိုဟင်ဂျာများ အားလုံး (၁၀၀ ရာခိုင်နှုန်း)မှ မြန်မာစစ်တပ်နှင့် အစိုးရ၏ နောက်ဆုံးရည်ရွယ်ချက်မှာ ရိုဟင်ဂျာများကို ခြေမှုန်းဖျက်ဆီးရန်ဖြစ်သည်ဟု ယုံကြည်နေကြသည်။

လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်တက်လာနိုင်သည့် ဆောင်ရွက်ချက်တခုဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည် ၁သိန်းအထိအား ဘာဆန်ချာကျွန်းပေါ်သို့ ပြောင်းရွှေ့ရန် စီစဉ်နေရာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်အများစု (၉၄.၇ ရာခိုင်နှုန်း)မှ အနာဂါတ်တွင် မြန်မာနိုင်ငံသို့ပြန်ရန် ဆန္ဒရှိသည်ဟု ဆိုသည်။ စစ်တမ်းဖြေဆိုသူ ရိုဟင်ဂျာအများစု (၆၅.၆ ရာခိုင်နှုန်း)မှ ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုတွင် ပါဝင်ခဲ့သော ရခိုင်တိုင်းရင်းသားများအပေါ် ၎င်းတို့မှ ခွင့်လွှတ်ထားပြီးဖြစ်သည်ဟုဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည်များမှာ နိုင်ငံသားဖြစ်ခွင့် (၉၂.၅ ရာခိုင်နှုန်း)၊ ပျက်ဆီးဆုံးရှုံးမှု များအတွက် လျော်ကြေး (၈၅.၉ ရာခိုင်နှုန်း)၊ အကာအကွယ်ပေးရေး (ဥပမာ၊ ကုလသမဂ္ဂလုံခြုံရေးတပ်ဖွဲ့) (၇၅.၄ ရာခိုင်နှုန်း)နှင့် လွတ်လပ်ခွင့် (ဥပမာ၊ သွားလာလှုပ်ရှားခွင့်၊ ကျောင်းတက်ခွင့်၊ စသည်) (၇၁.၇ ရာခိုင်နှုန်း) တို့အပါအဝင် မြန်မာအစိုးရမှ ၎င်းတို့နိုင်ငံသို့ မပြန်လာမီ ပြင်ဆင်မွမ်းမံရန် လိုအပ်သည့် အခွင့်အရေးများနှင့် အကာအကွယ်ပေးခြင်းများတချို့ကို ဖော်ထုတ်ခဲ့သည်။

၎င်းအစီရင်ခံစာမှ မြန်မာနိုင်ငံအစိုးရ၊ ဘင်္ဂလားဒေ့ရှ်အစိုးရ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ နိုင်ငံတကာ အသိုင်းအဝန်းနှင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ အသေးစိတ်အကြံပြုချက် ၃၂ ခု ကိုလည်းတင်ပြထားသည်။

မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့သည် ၎င်းနှစ်နိုင်ငံလုံးမှ စာချုပ်အဖွဲ့ဝင်ဖြစ်သော နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးစာချုပ်၏ ပိုဒ်ခွဲ ၁၂ အောက်ရှိ လူတိုင်း စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အမြင့်မားဆုံးနှင့် အတတ်နိုင်ဆုံး ရရှိခံစားခွင့်ကိုသေချာစေရန် တာဝန်ရှိသည်။ လူတိုင်းစိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို အမြင့်မားဆုံးနှင့် အတတ်နိုင်ဆုံးရရှိခံစားခွင့်အပေါ် ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှ ပြောဆိုခဲ့သည့်အတိုင်း "စိတ်ကျန်းမာရေးမရှိပဲ ကျန်းမာရေးဆိုတာမရှိနိုင်ပါ။"

ယနေ့ထုတ်ပြန်သည့် သုတေသနအသစ်မှာ ရိုဟင်ဂျာများ၏ စိတ်ကျန်းမာရေးအခြေအနေသည် လူမျိုးတုန်း သတ်ဖြတ်မှုဆိုင်ရာ တိုက်ခိုက်မှုများ နေရာတကာ ပြန့်နှံ့လျှက်ရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့် ဒဏ်ခတ်မခံရခြင်းတို့တွင် များစွာအမြစ်တွယ်လျှက်ရှိသည်ဆိုသော သက်သေခံ အထောက်အထားကို ပေးပါသည်။ ယဉ်ကျေးမှုနှင့်အညီ သင့်လျှော်သော လူမှုစိတ်ပညာဆိုင်ရာ စောင့်ရှောက်မှုကို အရေးတကြီးလိုအပ် နေချိန်တွင်၊ ၎င်းအကျပ်အတည်းအား အပြည့်အဝ စောင့်ရှောက်ထိန်းကျောင်းနိုင်ရန်အတွက် နိုင်ငံတကာပြစ်မှုများ ကျူးလွန်သူများကို အရေးယူနိုင်ရန် နိုင်ငံတကာမှကြိုးပမ်းမှုများမှတဆင့် ရိုဟင်ဂျာများ၏အခွင့်အရေးကို ပြန်လည်ပေးအပ်ရန် မြန်မာနိုင်ငံတွင် ပြည်တွင်းမှကြိုးပမ်းမှုများမှတဆင့် အရင်းခံအကြောင်းအရင်းများကို ကိုင်တွယ်ပြီးဖြေရှင်းရမည်ဟု Fortify Rights မှဆိုသည်။

"*ရိုဟင်ဂျာများ စိတ်ကျန်းမာရေးအတွက် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်စေခြင်းနှင့် တရားမျှတမှုနှင့် တာဝန်ခံမှုတို့ကို သေချာစေခြင်းတို့နှင့် ခွဲခြား၍မရနိုင်အောင်ဆက်စပ်နေပါတယ်*"ဟု Matthew Smith မှ ပြောသည်။ "*တိုက်ရိုက်ဝန်ဆောင်မှုပေးသူအများအပြားက ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများရဲ့ စိတ်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်တွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့အတွက် ကောင်းမွန်စွာ လုပ်ဆောင်နေကြပြီး၊ ဘင်္ဂလားဒေ့ရှ်နှင့် အလှူရှင်အစိုးရများမှ ရိုဟင်ဂျာများအတွက် ဒီကြိုးပမ်းမှုတွေ ကို အချိုးကျဖြစ်စေသင့်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေနဲ့ ၎င်းရဲ့ လုပ်ပိုင်ခွင့်အာဏာအားလုံး ကိုအသုံးပြုပြီး ဒုက္ခသည်လူဦးရေအပေါ် စိတ်ပိုင်းဆိုင်ရာ ဘေးအန္တရာယ်တွေဖြစ်ပေါ်စေတဲ့ မည်သည့် အခြေအနေမျိုးကိုမဆို ဖယ်ရှားသင့်ပါတယ်။*"